# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
## နေ့စဉ်ဈေးကွက်သတင်းလွှာ

October 8 , 2025 Volume 95, Number 4


**၈. ၁၀.၂၀၂၅**

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = N/A |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = N/A |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၄၄၀.၈၃ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၆၂၀.၈၇ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၈၁၇.၅၇ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၃၇၉.၀၇ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၉၄.၉၆ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၃.၆၅ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၄၇.၄၃ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၉၇.၇၅ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၆၄.၆၇ ကျပ် |


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်အလက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၄
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁-၃၇၆၄၁၆

http://www.myantrade.gov.mm


## ပြောင်းသီးနှံတင်ပို့မှုမှ နှစ်စဉ် နိုင်ငံခြားဝင်ငွေ ပျမ်းမျှ ကန်ဒေါ်လာ သန်း ၅၀၀ ကျော်အထက် ရရှိနေ



ပြည်တွင်း ပြောင်းသီးနှံ တင်ပို့မှုမှ နှစ်စဉ် နိုင်ငံခြားဝင်ငွေ ပျမ်းမျှ ကန်ဒေါ်လာ သန်း ၅၀၀ ကျော်အထက် ရရှိနေကြောင်း မြန်မာနိုင်ငံပြောင်းလုပ်ငန်းအသင်းမှ သိရပါတယ်။

လက်ရှိတွင် ပြည်တွင်း၌ ပြောင်းသီးနှံစိုက်ဧက တစ်သန်းကျော်ရှိပြီး မြေဧရိယာအားဖြင့် တိုးချဲ့စိုက်ပျိုး၍ မရနိုင်တော့ဘဲ ဈေးနှုန်း၊ ဈေးကွက်ကိုက်ညီသည့် တခြားသီးနှံများ စိုက်ပျိုးခြင်းကြောင့် ပြောင်းစိုက်ဧက တိုးမြင့်လာခြင်း၊ လျော့သွားခြင်းများ အနည်းငယ်ရှိသော်လည်း ယခုနှစ် ၂၀၂၅-၂၀၂၆ စိုက်ပျိုးရာသီမှာတော့ ပြောင်းစိုက်ဧက အနည်းငယ်များပြားလာကြောင်း မြန်မာနိုင်ငံပြောင်းလုပ်ငန်းအသင်းမှတာဝန်ရှိသူတစ်ဦးက ပြောပါတယ်။

နှစ်အလိုက် အခု ၁၀ လပိုင်း၊ ၁၁ လပိုင်း ၊ ၁၂ လပိုင်းတွေဆိုရင် ပြောင်းအများဆုံး လှိုင်လှိုင်ထွက်တဲ့ ကာလတွေ ဖြစ်ပါတယ်။ ၂၀၂၃-၂၀၂၄ မှာတော့ ပြောင်းစိုက်ဧရိယာ တစ်သန်းမှာ ၈ သိန်း ကျော်လောက်ပဲ စိုက်နိုင်တယ်။ အဲဒီတော့ ထွက်ရှိနှုန်းအနေနဲ့ တန် ၁၈ သိန်း၊ သိန်း ၂၀ ဝန်းကျင်လောက်ပဲ ထွက်နိုင်ပါတယ်။ ၂၀၂၄ ခုနှစ်မှာ သူ့ရဲ့အထွက်နှုန်းကလည်း တန် ၁၆ သိန်းနဲ့ ၁၈ သိန်းကြားလောက်ပဲ ထွက်နိုင်တယ်။ အခုလာမဲ့၂၀၂၅ ခုနှစ်မှာတော့ ရာသီဥတုကလည်းကောင်းတယ်။ ရှမ်းတောင်မှာဆိုရင် အတော်များများကလည်း ပြန်စိုက်ကြတယ်။ ရှမ်းမြောက်ရဲ့ ဧရိယာအတော်များများမှာလည်း ပြန်စိုက်ကြတယ်။ ဧရာဝတီကတော့ ဆောင်းသီးနှံအပြည့် ဖြစ်ဖို့များပါတယ်။ အဲဒီတော့ စိုက်ဧက ပုံမှန် ၈ သိန်းနဲ့ တစ်သန်း ကြားပေါ့နော်၊ အဲလောက်ကိုတော့ ပြန်မှန်းပါတယ်လို့ ၎င်းက ပြောပါတယ်။

မြန်မာ့ဒေသထွက်ပြောင်းသီးနှံကို ပြည်တွင်းမှာ ၃၅ ရာခိုင်နှုန်းအသုံးပြုနေပြီး ပြည်ပနိုင်ငံများသို့ ၆၅ ရာခိုင်နှုန်း တင်ပို့နေကြောင်း၊ အများဆုံးအနေဖြင့်ထိုင်းနိုင်ငံသို့ တင်ပို့နေပြီး ရာခိုင်နှုန်းအားဖြင့် ၅၀ ရာခိုင်နှုန်းတင်ပို့နေကြောင်း၊ ကျန် ၁၅ ရာခိုင်နှုန်းအနေဖြင့် အိန္ဒိယ၊ ဖိလစ်ပိုင်၊ ဗီယက်နမ်၊ တရုတ် စသည့်နိုင်ငံများသို့ တင်ပို့နေခြင်းဖြစ်ကြောင်းလည်း သိရပါတယ်။

နိုင်ငံခြားဝင်ငွေရရှိမှုအနေဖြင့်လည်း ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ကန်ဒေါ်လာ သန်း ၅၀၀ ကျော်အထက်ကို ရှာဖွေပေးနိုင်ကြောင်း၊ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ကန်ဒေါ်လာ သန်း ၄၀၀ ကျော်ခန့်ရှိကြောင်းနှင့် ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်၏ လက်ရှိအချိန်ထိလည်း ကန်ဒေါ်လာ သန်း ၄၀၀ ကျော်ရရှိထားကြောင်း သိရပါတယ်။

**Source : Myanmar Future News Agency**

## ဈေးကွက်လိုအပ်ချက်ပိုများသည့် Robusta ကော်ဖီစိုက်ပျိုးရန် စိတ်ဝင်စားသူများနေပြီး အစိုးရက မြေယာပံ့ပိုးပေးရန်လို



ဈေးကွက်လိုအပ်ချက်ပိုများသည့် Robusta ကော်ဖီစိုက်ပျိုးရန် စိတ်ဝင်စားသူများနေပြီး အစိုးရက မြေယာပံ့ပိုးပေးရန်လိုကြောင်း ကော်ဖီစိုက်ပျိုးသူများထံကသိရသည်။

လက်ရှိတွင် မြန်မာ့ကော်ဖီကို တရုတ်နိုင်ငံနှင့် ထိုင်းနိုင်ငံသို့ အဓိက တင်ပို့ရောင်းချနေပြီးဝယ်လိုအားများသည့်အတွက် ဈေးကွက်လိုအပ်ချက်ပြည့်မီစွာတင်ပို့နိုင်ရန် မြေကေများတိုးချဲ့စိုက်ပျိုးမှုများရှိက အစိုးရမှလည်းမြေလွတ်မြေရိုင်းများနှင့်စိုက်ပျိုးမြေကေများချပေးမှု များရှိကြောင်း သိရသည်။

ထိုသို့ မြေလွတ်မြေရိုင်းများနှင့်မြေကေများ အစိုးရမှချပေးထားသော်လည်း မြေပြင်တွင် အဆင်မပြေသည့် အခြေအနေများရှိနေကြောင်းလည်း သိရသည်။

“ဈေးကွက်က အသစ်ဖော်စရာတောင်မလိုဘူး။ပြည်ပကတော့ ထွက်သလောက်ယူတယ်။ သူတို့ လိုအပ်ချက်ကို မရောင်းနိုင်တာ။ ဈေးကွက်လိုအပ်ချက်ကို မဖြည့်ပေးနိုင်တာ။ တိုးစိုက်ကြပေမဲ့ စိုက်ဧက နည်းတာပေါ့။ ပြင်ဦးလွင်ဆိုရင် ကော်ဖီစိုက်ဖို့ဆိုပြီး မြေယာချပေးတာတွေရှိတယ်။ ဒါပေမဲ့ လမ်းတောင်မရှိ အဝေးကြီးတွေဆိုတော့ မယူနိုင်ကြဘူးလေ။ ပြီးတော့ အရင် မစိုက်တဲ့လူတွေက သိမ်းထားတာဆိုပြီးတော့ ပြန်ပေးတာတွေက တချို့က မြေပြင်မှာ လုပ်လို့မရဘူး။ တချို့ဟာတွေက မူလပိုင်ရှင်တွေက နေနေကြတာဆိုတော့လေ။ ရွာသားတွေ ကျူးထားတဲ့ဟာမျိုးတွေ ဆိုရင်လည်း မလုပ်ရဲဘူးလေ။ ရတဲ့လူတွေ ကလည်းမလုပ်ရဲကြဘူး။ ပြင်ဦးလွင်က မြေပြဿနာက ရှုပ်တယ်။ မြေရရင်တော့ ပြည်ပရဲ့ လိုအပ်ချက်ကို ပို့နိုင်တာပေါ့နော်။ မြေပေးတာတင်မဟုတ်ဘူး ဖော်ထုတ်ပေးနိုင်မှ လမ်းပန်းဆက်သွယ်ရေးတွေ Infrastructure လည်း ဖော်ထုတ်ပေးနိုင်မှ” ဟု ကော်ဖီစိုက်ပျိုးထုတ်လုပ်သူ လုပ်ငန်းရှင်တစ်ဦးကပြောသည်။

ထို့ကြောင့် အစိုးရအနေဖြင့် ကော်ဖီစိုက်ပျိုးထုတ်လုပ်ရန် မြေလွတ်မြေရိုင်းများ၊မြေကေများကို စနစ်တကျ ဖော်ဆောင်ပေးကာ လမ်းပန်းဆက်သွယ်ရေးများလည်း ဖော်ထုတ်ပေးစေလိုကြောင်း ၎င်းက ဆိုသည်။

အလားတူ ဈေးကွက်လိုအပ်ချက်များသည့် မြေနိမ့်ကော်ဖီဖြစ်သည့် Robusta ကော်ဖီအမျိုးအစားကို စိုက်ပျိုးနိုင်ရန် စီမံကိန်းများ ဖော်ဆောင်ပေးခြင်း၊ မြေဧက အများအပြားဖော်ထုတ်ပေးခြင်းများ ဆောင်ရွက်ပေးပါက စိတ်ဝင်စားသူများပြားပြီး Robusta ကို စိုက်ပျိုးလိုသည့် လုပ်ငန်းရှင်များရှိကြောင်းလည်း သိရသည်။

"အရသာကတော့ ရှမ်းဘက်က ပိုကောင်းတယ်။ စီးပွားရေးအရဆိုရင် ထားဝယ်ဘက်က ကော်ဖီကပိုကောင်းတယ်။ တွက်ချေပိုကိုက်တယ်။ ဈေးကွက်လိုအပ်ချက်လည်း ပိုများတယ်။ ဈေးလည်းသက်သာတယ်။ နောက်အထွက်လည်း ပိုကောင်းတယ်။ မြေနိမ့်၊ မိုးများတဲ့နေရာတွေ ရတယ်။ ထားဝယ်ဘက်ကတော့ အဲဒါစိုက်လို့အဆင်ပြေတယ်။ အစိုးရတော့ စီမံကိန်းနဲ့ ဧက အများကြီးပေးမယ်ဆိုရင် ကျွန်တော်တို့အဖွဲ့တွေရှိတယ်။ တကယ်အစိုးရက မြေပြင်မှာ ဖော်ထုတ်ပေးတယ်။ Infrastructure တွေ လုပ်ပေးထားရင် စိတ်ဝင်စားတာပေါ့။ တချို့ဆိုရင် မြေနိမ့်ကော်ဖီကို ပဲခူးရိုးမမှာ ဝယ်စိုက်တဲ့လူတွေရှိတယ်။ နေပြည်တော် လမ်းဘေးတွေ၊ ပဲခူးရိုးမတွေမှာတောင် စိုက်နေတဲ့လူတွေရှိတယ်။ မြေပြင်မှာ သေချာဖော်ဆောင်ပေးမယ်။ ဧက များများဖော်ဆောင်ပေးမယ်။ ပြင်ဦးလွင်မှာပေးတာဆို ဧက ၅၀ ဆိုတော့ ၅၀ က တကယ်တမ်း စီးပွားမဖြစ်ဘူး ။ဧက ၅၀ အထက်မှ စီးပွားဖြစ်တာ"ဟု ၎င်းကပြောသည်။

လက်ရှိတွင် ပြင်ဦးလွင်ဒေသ နှင့် ရှမ်းပြည်နယ်ရှိ ရွာငံ၊ ဟိုပုံး၊ ပင်လောင်းဒေသများမှ အရသာကောင်းသည့် မြန်မာ့အာရေးဗီးယားကော်ဖီ စိုက်ပျိုးဖြစ်ထွန်းပြီး ပူအိုက်စိုစွတ်သည့်မြေနိမ့်ဒေသများတွင် ဈေးကွက်အတွင်း လိုချက်ချက်များ၍ တွက်ချေကိုက်သည့် Robusta ကော်ဖီ စိုက်ပျိုးဖြစ်ထွန်းကြောင်း သိရသည်။

**Source :** https://npnewsmm.com/

## ရန်ကုန်ဘုရင့်နောင်ကုန်စည်ဒိုင်တွင် ၂၉-၉-၂၀၂၅ မှ ၃-၁၀-၂၀၂၅ ရက်နေ့အတွင်းဖြစ်ပေါ်ခဲ့သော ပဲနှင့်အခြားကုန်စည်ဈေးနှုန်းများ

**မတ်ပဲနှင့်ပဲစင်းငုံ**

ဘုရင့်နောင်ကုန်စည်ဒိုင်တွင် ပဲ(တစ်တန်) ဈေးနှုန်းများမှာ မတ်ပဲ FAQ/RC (2024 Crop) ကျပ် ၂,၉၁၂,၀၀၀၊ မတ်ပဲ SQ/RC (2024 Crop) ကျပ် ၃,၂၀၅,၀၀၀ နှင့် ပဲစင်းငုံ Red/ RC(2024 Crop) ကျပ် ၂,၃၉၇,၀၀၀ ဈေးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း မတ်ပဲ FAQ/RC (2024 Crop) ကျပ် ၈၆,၀၀၀ နှင့် မတ်ပဲ SQ/RC (2024 Crop) ကျပ် ၈၆,၀၀၀ အသီးသီးဈေးကျဆင်းခဲ့ပြီး ပဲစင်းငုံ Red/ RC(2024 Crop)မှာ ဈေးငြိမ်လျက်ရှိသည်။

ယခင်အပတ်က ကုန်စည်ဒိုင်သို့ မတ်ပဲ FAQ/RC (2024 Crop) ကွန်တိန်နာ ၈၅ လုံး (တန်ချိန် ၂၀၄၀) နှင့် ပဲစင်းငုံ Red/ RC(2024 Crop) ကွန်တိန်နာ ၁၀ လုံး (တန်ချိန် ၂၄၀)ဝင်ရောက်ခဲ့ပြီး ယခုအပတ်တွင် မတ်ပဲ FAQ/RC (2024 Crop) ကွန်တိန်နာ ၁၁၀ လုံး (တန်ချိန် ၂၆၄၀) နှင့် ပဲစင်းငုံ Red/ RC(2024 Crop) ကွန်တိန်နာ ၂၀ လုံး (တန်ချိန် ၄၈၀) ဝင်ရောက် ခဲ့သောကြောင့် ယခင်အပတ်ထက် မတ်ပဲကွန်တိန်နာ ၂၅ လုံး (တန်ချိန် ၆၀၀) နှင့် ပဲစင်းငုံ Red/ RC (2024 Crop) ကွန်တိန်နာ ၁၀ လုံး (တန်ချိန် ၂၄၀) ပိုမိုဝင်ရောက်ခဲ့ကြောင်းသိရသည်။

**ငရုတ်**

ဘုရင့်နောင်ကုန်စည်ဒိုင်တွင် ဖြစ်ပေါ်ခဲ့သော ငရုတ်သီး ( တစ်ပိဿာ ) ဈေးနှုန်းများမှာ ပန်းရဲငရုတ် (သစ်) AC ကျပ် ၇,၅၀၀၊ မြားနီ ကျပ် ၉,၀၀၀ ၊ ဆင်ဖြူကျွန်း (ပု) ကျပ် ၁၇,၀၀၀ ၊ မိုးထောင်မြစ်ဝပု ကျပ် ၁၂,၀၀၀ နှင့် မြစ်ဝပု(သစ်) ကျပ် ၂၀,၀၀၀ ဈေးအသီးသီး ဖြစ်ခဲ့သည်။

တစ်ပတ်အတွင်း မြားနီ ကျပ် ၅၀၀ ဈေးကျဆင်းခဲ့ပြီး ကျန်ငရုတ်သီးများဈေးငြိမ်လျက်ရှိသည်။ ကုန်စည်ဒိုင်သို့ ယခင်အပတ်က ငရုတ်ရှည်အိတ်ပေါင်း ၁၇၅၀ (၃၅,၀၀၀ ပိဿာ)ဝင်ရောက်ခဲ့ပြီး ယခုအပတ်တွင် ငရုတ်ရှည်အိတ်ပေါင်း ၁၅၀၀ (၃၀,၀၀၀ ပိဿာ)ဝင်ရောက်ခဲ့သောကြောင့် ယခင်အပတ်ထက် ငရုတ်ရှည် အိတ်ပေါင်း ၂၅၀(၅,၀၀၀ ပိဿာ) လျော့နည်းဝင်ရောက် ခဲ့ကြောင်း သိရသည်။

**မန်ကျည်းသီး**

ဘုရင့်နောင်ကုန်စည်ဒိုင်တွင် မန်ကျည်းသီး (တစ်ပိဿာ) ဈေးနှုန်းများမှာ မန်ကျည်းသီးပွင့်ကပ် (သစ်) ကျပ် ၆၀၀၀ နှင့် မန်ကျည်းအသား(သစ်)ကျပ် ၉၃၀၀ အသီးသီးဈေးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း မန်ကျည်းများ ဈေးငြိမ်လျက်ရှိသည်။

**ထန်းလျက်၊ ကြံသကာနှင့်သကြား**

ဘုရင့်နောင်ကုန်စည်ဒိုင်တွင် ဖြစ်ပေါ်ခဲ့သော ထန်းလျက်၊ ကြံသကာနှင့်သကြား(တစ်ပိဿာ) ဈေးနှုန်းများမှာ တောင်သာ မလိုင်(ဒုံး) ကျပ် ၅၇၀၀၊ ညောင်ဦးဆေးရှယ်(ထန်း) ကျပ် ၇၀၀၀၊ ပခုက္ကူကြမ်း (သစ်)ကျပ် ၅၇၀၀၊ ရေစကြိုထန်းလျက်(သစ်) ကျပ် ၇၂၀၀၊ ကြံသကာ ကျပ် ၅၂၀၀ နှင့် သကြား(ပြည်တွင်း) ကျပ် ၄၆၅၀ ဈေးအသီးသီးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း ထန်းလျက်၊ ကြံသကာနှင့်သကြားများ ဈေးငြိမ်လျက်ရှိသည်။

Source: **ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး**

## ရန်ကုန်ဘုရင့်နောင်ကုန်စည်ဒိုင်တွင် ၂၉-၉-၂၀၂၅ မှ ၃-၁၀-၂၀၂၅ ရက်နေ့အတွင်းဖြစ်ပေါ်ခဲ့သော ကြက်သွန်နီ၊ ကြက်သွန်ဖြူနှင့် အာလူးဈေးနှုန်းများ

**ကြက်သွန်နီ**

ဘုရင့်နောင်ကုန်စည်ဒိုင်သို့ ဆိပ်ဖြူမြို့နှင့်မုံရွာမြို့တို့မှ ကြက်သွန်နီများ နေ့စဉ်ဝင်ရောက်လျက်ရှိရာ ကြက်သွန်နီ (တစ်ပိဿာ) ဈေးနှုန်းများမှာ ဆိပ်ဖြူရှယ် ကျပ် ၁၈၀၀ ၊ ဆိပ်ဖြူလတ်ကြီး ကျပ် ၁၄၀၀၊ ဆိပ်ဖြူလတ်သန့် ကျပ် ၁၁၅၀ ၊ ဆိပ်ဖြူ လတ်ချော ကျပ် ၆၀၀ ၊ မုံရွာသစ်ရှယ် ကျပ် ၁၉၀၀ ၊ မုံရွာ လတ်ကြီး ကျပ် ၁၅၀၀ ၊ မုံရွာလတ်သန့် ကျပ် ၁၂၅၀ နှင့် မုံရွာလတ်ချော ကျပ် ၈၀၀ အသီးသီးဈေးဖြစ်ခဲ့သည်။

တစ်ပတ်အတွင်း ဆိပ်ဖြူရှယ် ကျပ် ၁၀၀ ၊ ဆိပ်ဖြူလတ်ကြီး ကျပ် ၁၅၀၊ ဆိပ်ဖြူလတ်ချော ကျပ် ၁၀၀ ၊ မုံရွာ လတ်ကြီး ကျပ် ၁၅၀ နှင့် မုံရွာလတ်သန့် ကျပ် ၅၀ အသီးသီးဈေးမြင့်တက်ခဲ့ပြီး ကျန်အမျိုးအစားများမှာ ဈေးငြိမ်လျက်ရှိသည်။ ကုန်စည်ဒိုင်သို့ ကြက်သွန်နီ ဝင်ရောက်မှုမှာ ယခင်အပတ်က ကားစီးရေ ၁၂၅ စီး (၇၅၀,၀၀၀ ပိဿာ)ဝင်ရောက်ခဲ့ပြီး ယခုအပတ်တွင် ကားစီးရေ ၁၂၀ စီး (၇၂၀,၀၀၀ ပိဿာ) ဝင်ရောက်ခဲ့သောကြောင့် ယခင်အပတ်ထက် ကားစီးရေ ၅ စီး(၃၀,၀၀၀ ပိဿာ) လျော့နည်း ဝင်ရောက် ခဲ့ကြောင်းသိ ရသည်။

**ကြက်သွန်ဖြူ**

ဘုရင့်နောင်ကုန်စည်ဒိုင်သို့ ကြူကုတ်မြို့နှင့်အောင်ပန်းမြို့တို့မှ ကြက်သွန်ဖြူများ နေ့စဉ်ဝင်ရောက်လျက်ရှိရာ ကြက်သွန် ဖြူ (တစ်ပိဿာ) ဈေးနှုန်းများမှာ ကြူကုတ်(ရှယ်) ကျပ် ၁၃,၀၀၀၊ အောင်ပန်းထူး -၂ ကျပ် ၃၀၀၀၊ အောင်ပန်းထူး-၃ ကျပ် ၄၀၀၀ ၊ အောင်ပန်းထူး-၄ ကျပ် ၅၀၀၀ ၊ အောင်ပန်းထူး-၅ ကျပ် ၆၀၀၀ နှင့် တရုတ်အာလူး ကျပ် ၆၅၀၀ အသီးသီးဈေး ဖြစ် ခဲ့သည်။

တစ်ပတ်အတွင်း ကြူကုတ်(ရှယ်) ကျပ် ၅၀၀၊ အောင်ပန်းထူး -၂ကျပ် ၅၀၀၊အောင်ပန်းထူး-၃ ကျပ် ၅၀၀ ၊ အောင်ပန်းထူး-၄ ကျပ် ၅၀၀ နှင့် အောင်ပန်းထူး-၅ ကျပ် ၁၀၀၀ အသီးသီးဈေးမြင့်တက်ခဲ့သည်။ ယခင်အပတ်က ကုန်စည်ဒိုင်သို့ ကြက်သွန်ဖြူ အိတ်ရေ ၄၂၀၀ (၁၂၆,၀၀၀ ပိဿာ)ဝင်ရောက်ခဲ့ပြီး ယခုအပတ်တွင် ကြက်သွန်ဖြူအိတ်ရေ ၃၅၀၀ (၁၀၅,၀၀၀ ပိဿာ) ဝင် ရောက်ခဲ့သောကြောင့် ယခင်အပတ်ထက် ကြက်သွန်ဖြူအိတ် ၇၀၀ (၂၁,၀၀၀ ပိဿာ) လျော့နည်းဝင်ရောက်ခဲ့ကြောင်း သိရသည်။

**အာလူး**

ဘုရင့်နောင်ကုန်စည်ဒိုင်သို့ အောင်ပန်းမြို့မှ အာလူးများနေ့စဉ် ဝင်ရောက်လျက်ရှိရာ အာလူး (တစ်ပိဿာ) ဈေးနှုန်း များမှာ အောင်ပန်း OK ကျပ် ၄၇၀၀ ၊အောင်ပန်း S1 ကျပ် ၅၇၀၀ ၊ ၊အောင်ပန်း S2 ကျပ် ၆၀၀၀ နှင့် တရုတ်အာလူး ကျပ်

၆၈၀၀ အသီးသီးဈေးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း အောင်ပန်း OK ကျပ် ၁၀၀ ဈေးမြင့်တက်ခဲ့ပြီး အောင်ပန်း S1 ကျပ် ၃၀၀ နှင့် တရုတ်အာလူး ကျပ် ၃၀၀ အသီးသီးဈေး ကျဆင်းခဲ့သည်။ ကုန်စည်ဒိုင်သို့ အာလူးဝင်ရောက်မှုမှာ ယခင်အပတ်က ကားစီးရေ ၂၄ စီး (၁၄၄,၀၀၀ ပိဿာ)ဝင်ရောက်ခဲ့ပြီး ယခုအပတ်တွင် ကားစီးရေ ၂၀ စီး(၁၂၀,၀၀၀ ပိဿာ)ဝင်ရောက်ခဲ့သောကြောင့် ယခင်အပတ်ထက် ကားစီးရေ ၄ စီး (၂၄,၀၀၀ ပိဿာ) လျော့နည်းဝင်ရောက်ခဲ့ကြောင်းသိရသည်။

Source: **ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး**

## အောက်တိုဘာလတွင် နိုင်ငံတကာ ကုန်သေတ္တာတင်ယာဉ် ၆၈ စင်း ဝင်ရောက်ဆိုက်ကပ်မည်




ယခုအောက်တိုဘာလတွင် နိုင်ငံတကာ ကုန်သေတ္တာတင်ယာဉ် ၆၈ စင်းဝင်ရောက် ဆိုက်ကပ်မည်ဖြစ်ကြောင်း မြန်မာ့ဆိပ်ကမ်းအာဏာပိုင်မှ သိရသည်။

ကုန်သွယ်မှုလုပ်ငန်းများကို ပင်လယ်ရေကြောင်းကုန်သွယ်ရေးလမ်းကြောင်းမှ ပိုမိုဆောင်ရွက်နေပြီး ရန်ကုန်အပြည်ပြည်ဆိုင်ရာဆိပ်ကမ်းများသို့ အပြည်ပြည်ဆိုင်ရာ ကုန်သေတ္တာတင်သင်္ဘောများ လစဉ်ပုံမှန်ဝင်ရောက်ဆိုက်ကပ်လျက်ရှိသည်။

ပြီးခဲ့သည့် ဇန်နဝါရီလမှ စက်တင်ဘာလအတွင်း နိုင်ငံတကာ ကုန်သေတ္တာတင်ယာဉ် ၅၄၄ စင်းဝင်ရောက် ဆိုက်ကပ်ခဲ့ကြောင်း၊ ထို့ပြင် ၂၀၂၄ ခုနှစ် တစ်နှစ်တာအတွင်း ပြည်တွင်းသို့ နိုင်ငံတကာ ကုန်သေတ္တာတင်ယာဉ် ၆၃၃ စင်း ဝင်ရောက်ဆိုက်ကပ်ခဲ့ကြောင်း သိရသည်။

ရန်ကုန်ဆိပ်ကမ်း ဧရိယာတွင် အပြည်ပြည်ဆိုင်ရာ ရေယာဉ်ကြီးများ ဆိုက်ကပ်နိုင်သည့် ဆိပ်ကမ်းတံတား ၂၇ စင်း၊ရန်ကုန်သီလဝါအပြင် ဆိပ်ကမ်းဧရိယာတွင် ဆိပ်ကမ်းတံတား ၁၉ စင်း စုစုပေါင်း ၄၆ စင်းဖြင့် ဝန်ဆောင်မှုပေးနေခြင်းဖြစ်သည်။

ပြည်ပသို့ ပို့ကုန်များတိုးမြှင့်တင်ပို့နိုင်ရေးနှင့် ပြည်တွင်းလိုအပ်ချက်အရ သွင်းကုန်များလည်း တိုးမြှင့်တင်သွင်းနိုင်ရန်အတွက် ကုန်သေတ္တာတင် သင်္ဘောလိုင်းအသီးသီးမှ ခရီးစဉ်များပြန်လည်တိုးချဲ့ပြေးဆွဲရန် စီစဉ်ထားရှိကြောင်းလည်း သိရသည်။

**Source : Popular News Journal**

## ကဏ္ဍစုံလွှမ်းခြုံသော ဒေသတွင်းပူးပေါင်းဆောင်ရွက်မှု ကုန်သွယ်ရေးသဘောတူညီချက် (RCEP) အား အဆင့်မြှင့်နိုင်ရေး အဖွဲ့ဝင်သစ်များလက်ခံရန် စဉ်းစားတော့မည်

ကဏ္ဍစုံလွှမ်းခြုံသော ဒေသတွင်းစီးပွားရေးပူးပေါင်းဆောင်ရွက်မှု ကုန်သွယ်ရေးသဘောတူညီချက် (RCEP) ခေါင်းဆောင်များသည် ၅ နှစ်အတွင်း ပထမဆုံးအကြိမ်အဖြစ် ကွာလာလမ်ပူ၌ အောက်တိုဘာလတွင် တွေ့ဆုံမည်ဖြစ်ရာ အဖွဲ့ဝင်သစ်များလက်ခံရန်နှင့် ကုန်သွယ်မှုတိုးတက်ရန် နည်းလမ်းများကို ဆွေးနွေးမည်ဖြစ်ကြောင်း မလေးရှား၊ ရင်းနှီးမြှုပ်နှံမှု၊ ကုန်သွယ်ရေးနှင့် စက်မှုဝန်ကြီး TengkuZafrul Aziz က ပြောကြားခဲ့သည်။

အဆိုပါအစည်းအဝေးသည် အာဆီယံထိပ်သီးအစည်းအဝေးသို့ တက်ရောက်မည့် သမ္မတထရမ့်၏ ကွာလာလမ်ပူခရီးစဉ်နှင့် ချိန်ကိုက်ဖြစ်နိုင်ပါသည်။

လေ့လာသူအချို့က RCEP ကို အမေရိကန်၏ အကောက်ခွန်များရှောင်ရှားနိုင်ရန် ကြားခံအဖြစ် သုံးသပ်ကြပြီး တရုတ်က RCEP အဖွဲ့ဝင်များအား အမေရိကန်၏ အခွန်စည်းကြပ်မှုကို နိုင်ငံစုံမူဘောင်အတွင်းမှ လက်ခံရန်တိုက်တွန်းထားသည်။

ဝန်ကြီး TengkuZafrul က တရုတ်ကဲ့သို့ပင် အာဆီယံအဖွဲ့ဝင်များနှင့် ကျန် RCEP အဖွဲ့ဝင်နိုင်ငံများ (ကိုရီးယား၊ ဂျပန်၊ နယူးဇီလန်၊ သြစတေးလျ) သည် နိုင်ငံစုံမူဝါဒကို ထောက်ခံအားပေးကြကြောင်း၊ အောက်တိုဘာလအစည်းအဝေး၌ တရုတ်၏ သြဇာလွှမ်းမိုးမှုရှိမည်မဟုတ်ကြောင်း ပြောကြားခဲ့သည်။

Trump သည် အာရှနိုင်ငံများမှ ကုန်ပစ္စည်းများအပေါ် စည်းကြပ်ခွန် ၁၀ ရာခိုင်နှုန်း မှ ၄၀ ရာခိုင်နှုန်း အထိသတ်မှတ်ခဲ့ပြီး အာဆီယံ၏ စီးပွားရေးအင်အားကြီး နိုင်ငံအများစုကို အခွန်နှုန်း ၁၉ ရာခိုင်နှုန်းတူညီစွာသတ်မှတ်ထားသည်။

ယခုသီတင်းပတ်အတွင်းပြုလုပ်မည့်အာဆီယံဝန်ကြီးများအဆင့်အစည်းအဝေးသို့အမေရိကန်ကုန်သွယ်ရေးကိုယ်စားလှယ် Jamieson Greerလည်းတက်ရောက်မည်ဖြစ်ပြီး အမေရိကန်၏အခွန်စည်းကြပ်မှုကို အဓိကဆွေးနွေးမည်ဟု မျှော်မှန်းထားသည်။

**Source : https://www.reuters.com/world/china/malaysia---**

https://commerce.gov.mm/

## ပဲမျိုးစုံထုတ်လုပ်မှုမြှင့်တင်ရေး ၆ နှစ်အတွင်း ရူပီး ၁၁၄ ဘီလီယံသုံးစွဲရန် အိန္ဒိယအစိုးရအဖွဲ့အတည်ပြု



အိန္ဒိယနိုင်ငံ၌ ကိုယ်ပိုင်ထုတ်လုပ်နိုင်စွမ်းဖြင့် ပဲမျိုးစုံ ဖူလုံမှုရရှိရေး အထူးလုပ်ငန်းတာဝန် (Mission for Aatmanirbharta in Pulses) ကို ချမှတ်ထားရှိရာ ပြည်ထောင်စုအစိုးရအဖွဲ့သည် ပဲမျိုးစုံ ထုတ်လုပ်မှုမြှင့်တင်ရေး ရည်မှန်းချက်အောင်မြင်မှု ရရှိနိုင်ရန်အတွက် ရူပီးငွေ ၁၁၄ ဒသမ ၄၀ ဘီလီယံကို ကျခံသုံးစွဲရန် အတည်ပြုခဲ့ကြောင်း သိရသည်။

သုတေသနလုပ်ငန်းများ၊ မျိုးစေ့ဖွံ့ဖြိုးမှုစနစ်များ၊ စိုက်ပျိုးဧရိယာတိုးချဲ့မှုများ၊ ဝယ်ယူရေးနှင့် ဈေးနှုန်းတည်ငြိမ်ရေး လုပ်ငန်းများအပါအဝင် ဘက်စုံလွှမ်းခြုံမှုရှိသော မဟာဗျူဟာ တစ်ရပ်ကို ချမှတ်ကျင့်သုံးမှုပြုသည့် အထူးလုပ်ငန်းတာဝန်ကို ၂၀၂၅-၂၆ ဘဏ္ဍာနှစ်မှစတင်၍ ၆ နှစ်တာ ကာလအတွင်း အောင်မြင်မှုရရှိအောင် အကောင်အထည်ဖော် ဆောင်ရွက် မည်ဖြစ်သည်ဟု အစိုးရ က ကြေညာချက်ထုတ်ပြန်ထားသည်။

အဆိုပါ အထူးလုပ်ငန်းတာဝန်တွင် စပါးစိုက်ပျိုးမှုမရှိသော ပလပ်မြေများနှင့် အခြားချဲ့ထွင်နိုင်မည့် မြေနေရာများတွင် ပဲမျိုးစုံ စိုက်ဧရိယာကို နောက်ထပ် ဟက်တာ ၃ ဒသမ၅ သန်း တိုးချဲ့စိုက်ပျိုးရန် ရည်မှန်းထားပြီး သီးညှပ်စိုက်ပျိုးခြင်းနှင့် သီးနှံမျိုးစုံ ဖြန့်ကျက်စိုက်ပျိုးခြင်းများ ပါဝင်မည်ဖြစ် ကြောင်း သိရသည်။

ထိုသို့ တိုးချဲ့စိုက်ပျိုးရန်အတွက် အစိုးရသည် သီးနှံမျိုးစေ့အိတ်ပေါင်း ၈ ဒသမ ၈ သန်းကို တောင်သူများထံသို့ အခမဲ့ဖြန့်ဝေပေးမည်ဖြစ်သည်ဟု သတင်းထုတ်ပြန်ချက်၌ ဖော်ပြထားသည်။

ပဲမျိုးစုံဖူလုံရေး အထူးလုပ်ငန်းတာဝန်၏ အဓိကလက္ခဏာရပ်မှာ အစိုးရ၏ ဈေးနှုန်းအရ အထောက်အပံ့ပေးအပ်ရေး အစီအစဉ် (PM-AASHA) တွင် ပါဝင်လျက်ရှိသော ပဲစင်းငုံ၊ မတ်ပဲနှင့် ပဲနီလေးတို့ကို ဝယ်ယူရေးလုပ်ဆောင်မှု အမြင့်မားဆုံးဖြစ်စေရန် ဖြစ်သည်။

အိန္ဒိယအစိုးရသည် ၎င်းအထောက်အပံ့ပေးအပ်မှု အစီအစဉ်၌ သုံးစွဲမည့်ငွေပမာဏကိုလည်း ရူပီး ၄၅၀ ဘီလီယံမှ ရူပီး ၆၀၀ ဘီလီယံသို့ မြှင့်တင်ခဲ့ကြောင်း သိရသည်။

**Source: Informist Media, 1 October 2025**

**(လယ်ယာထွက်ကုန်များနှင့် အဓိကသွင်းကုန်များ၏ နိုင်ငံတကာဈေးကွက်စောင့်ကြည့်လေ့လာရေးအဖွဲ့)**

https://www.doca.gov.mm/

## ဆန်စျေးကွက်တည်ငြိမ်ရေး ဆောင်ရွက်မည့်အစီအမံများ ဗီယက်နမ်အစိုးရချမှတ်



ဗီယက်နမ်နိုင်ငံ၌ ပြည်တွင်းဆန်စျေးကွက်တည်ငြိမ်စေရေး နှင့် ပြည်ပသို့တိုးချဲ့တင်ပို့နိုင်ရေးအတွက် စက်မှုနှင့်ကုန်သွယ်ရေး ဝန်ကြီးဌာနသည် နိုင်ငံတကာ ညှိနှိုင်းဆွေးနွေးမှုများ၊ စျေးကွက် ထိန်းကျောင်းခြင်းနှင့် အမှတ်တံဆိပ်အရောင်းမြှင့်တင်ခြင်းစသည့် အစီအမံအသစ်များ ပါဝင်သောညွှန်ကြားချက်တစ်ရပ်ကို ထုတ်ပြန်လိုက်ကြောင်း သိရသည်။

အဆိုပါ အစီအမံများကို အကောင်အထည်ဖော်ဆောင်ရန်အတွက် စက်မှုနှင့်ကုန်သွယ်ရေးဝန်ကြီးဌာနက ဦးစီးဌာနများ အလိုက် သီးခြားတာဝန်အသီးသီးကို ခွဲဝေသတ်မှတ်ပေးထားရာ ကုန်သွယ်မှုမူဝါဒဦးစီးဌာနသည် ပို့ကုန်အလားအလာ တိုးမြှင့်ရရှိစေရန် ရည်ရွယ်လျက် ဥရောပသမဂ္ဂနှင့် ဗြိတိန် စျေးကွက်များသို့ ရနံ့မွှေးဆန်တင်ပို့ရာတွင် အကောက်ခွန်နှုန်းထား လျှော့ချတင်သွင်းခွင့်ခွဲတမ်းကို ပိုမိုတိုးချဲ့ရရှိအောင် ညှိနှိုင်းဆွေးနွေးမှုများ ဦးဆောင်ပြုလုပ်ရမည် ဖြစ်သည်။

နိုင်ငံခြားစျေးကွက်ဖွံ့ဖြိုးတိုးတက်မှုဦးစီးဌာနသည် ပြည်ပမှဆန်တင်သွင်းမှု မူဝါဒများကို ထိန်းကျောင်းရန်နှင့် ပြည်တွင်း ထုတ်လုပ်သူများနှင့် တင်ပို့သူများသို့ နောက်ဆုံးရ သတင်းအချက်အလက်များကို အချိန်မီပံ့ပိုးပေးရမည်ဖြစ်သည်။ ကုန်သွယ်မှုမြှင့်တင်ရေးဦးစီးဌာနအနေဖြင့် လူကိုယ်တိုင်နှင့် အွန်လိုင်းစျေးကွက်လှုပ်ရှားမှု အစီအစဉ်များအားပေါင်းစပ်၍ ဗီယက်နမ်ဆန်အား အရောင်းမြှင့်တင်ခြင်းကို အလေးပေး ဆောင်ရွက်ရမည်ဖြစ်သည်။

ပို့ကုန်သွင်းကုန်ဦးစီးဌာနသည် ဥရောပသမဂ္ဂ၊ တောင်ကိုရီးယားနှင့် မြောက်အမေရိကတို့ကဲ့သို့သော စျေးကွက်အသစ်များသို့တိုးချဲ့တင်ပို့နိုင်ရေးအတွက် ဆန်တင်ပို့မှုစျေးကွက်ဖွံ့ဖြိုးရေးမဟာဗျူဟာကို ၂၀၃၀ ပြည့်နှစ်တိုင်အောင် ဆက်လက် အကောင်အထည်ဖော် ဆောင်ရွက်ရမည် ဖြစ်ကြောင်း၊ ပြည်တွင်းစျေးကွက်စီမံခန့်ခွဲမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုဦးစီးဌာနသည် စားသုံးသူများအား ကာကွယ်ပေးရန်အတွက် ကုန်သွယ်မှုလိမ်လည်မှုများအား တိုက်ဖျက်ရန်နှင့် စုံစမ်းစစ်ဆေးမှုများ ပြုလုပ်ရမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါအစီအမံများအပြင်ဗီယက်နမ်စက်မှုနှင့်ကုန်သွယ်ရေးဝန်ကြီးဌာနသည် စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် ကုန်စည်အရည်အသွေးနှင့်စပ်လျဉ်း၍ တာဝန်ယူဆောင်ရွက်ရန်၊ နိုင်ငံတကာစျေးကွက် လိုလားချက်နှင့်အညီ စီးပွားရေးအစီအမံ များကို ကြိုတင်မျှော်တွေးလျက် ချိန်ညှိလုပ်ကိုင်သွားရန်၊ သမားရိုးကျဝယ်ယူသူများကို ဆက်လက်ထိန်းသိမ်းထားနိုင်ရန် စျေးကွက်အသစ်များရရှိနိုင်ရန်အတွက် ဗီယက်နမ်ဆန်၏ အမှတ်တံဆိပ်ခိုင်မာမှုနှင့် ကုန်ထုတ်လုပ်နိုင်စွမ်း တိုးတက်ကောင်းမွန်အောင် မြှင့်တင်ဆောင်ရွက်ရန် တိုက်တွန်းထားကြောင်းသိရသည်။

**Source : Saigon Giai Phong News, September 25, 2025**

**(လယ်ယာထွက်ကုန်များနှင့် အဓိကသွင်းကုန်များ၏ နိုင်ငံတကာစျေးကွက်စောင့်ကြည့်လေ့လာရေးအဖွဲ့)**

https://www.doca.gov.mm/

# STOCK EXCHANGE (8.10.2025)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Stock trading data

## Stock trading data

As of 8th Oct. 2025

### Total Trading (Continuous trading + Block trading)

| Trading Volume | Trading Value |
|---|---|
| 6,186 (Shares) | 20,912,400 (MMK) |

### Stock trading

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 7,900 | -100 | -1.25% | 8,000 | 8,000 | 7,900 | 608 | 4,851,400 | 33,109,694 | 261,567 |
| MTSH | 00002 | 3,400 | +50 | +1.49% | 3,400 | 3,400 | 3,350 | 2,029 | 6,848,500 | 38,929,150 | 132,359 |
| MCB | 00003 | 7,900 | +0 | +0.00% | 7,900 | 7,900 | 7,900 | 13 | 102,700 | 10,400,986 | 82,168 |
| FPB | 00004 | 2,600 | +0 | +0.00% | 2,600 | 2,600 | 2,600 | 45 | 117,000 | 29,664,613 | 77,128 |
| TMH | 00005 | 2,750 | -50 | -1.79% | 2,800 | 2,800 | 2,750 | 176 | 484,050 | 12,823,224 | 35,264 |
| EFR | 00006 | 1,950 | +0 | +0.00% | 1,900 | 1,950 | 1,900 | 1,755 | 3,334,750 | 19,977,223 | 38,956 |
| AMATA | 00007 | 3,350 | +50 | +1.52% | 3,250 | 3,350 | 3,200 | 765 | 2,471,000 | 10,497,598 | 35,167 |
| MAEX | 00008 | 3,400 | +0 | +0.00% | 3,400 | 3,400 | 3,400 | 795 | 2,703,000 | 23,804,946 | 80,937 |

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Market summary

## Market summary

As of 8th Oct. 2025

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 394.21 | -0.78 | -0.20% | 395.74 | 396.02 | 394.21 | 6,186 | 20,912,400 | 8 | 743,546 |

### Index chart




## Market Overview

## Grand Total Trading (Total trading (MB) + Total trading (PLB))

As of 1:00 p.m. 8th Oct. 2025

| Trading Volume | Trading Value |
|---|---|
| 6,706 (Shares) | 22,290,650 (MMK) |

### Main Board

As of 1:00 p.m. 8th Oct. 2025

### Total Trading (MB) (Continuous trading + Block trading)

| Trading Volume | Trading Value |
|---|---|
| 6,186 (Shares) | 20,912,400 (MMK) |

| MYANPIX | 394.21 ▼ 0.78 |
|---|---|
| Total Volume (shares) | 6,186 |
| Total Value (MMK) | 21 mil |
| Listed Company | 8 |
| Market Cap. (MMK) | 743,546 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 7,900 | ▼ 100 |
| MTSH | 00002 | 3,400 | ▲ 50 |
| MCB | 00003 | 7,900 | ▲ 0 |
| FPB | 00004 | 2,600 | ▲ 0 |
| TMH | 00005 | 2,750 | ▼ 50 |
| EFR | 00006 | 1,950 | ▲ 0 |
| AMATA | 00007 | 3,350 | ▲ 50 |
| MAEX | 00008 | 3,400 | ▲ 0 |